**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**(၃၂)ရက်မြောက်နေ့ အစီအစဉ် (လျာထားချက်)**

**[ ၁၄-၉-၂၀၁၆ ] ( ဗုဒ္ဓဟူးနေ့ ) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၏ **ပြင်ဦးလွင်မြို့ပေါ် ရပ်ကွက်ရှိ သားသတ်ရုံကို ပြောင်းရွှေ့ရန် မည်သည့်အတွက် ကြန့်ကြာနေသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၏ **နိုင်ငံတော်နှင့် အကျိုးတူ ဖက်စပ် လုပ်ကိုင်ခဲ့ကြသော သစ်ကုမ္ပဏီများအနေနှင့် သစ်ထုတ်ယူသော သစ်ကွက်အတွင်း၌ သစ်တောစိုက်ခင်းများကို ကုမ္ပဏီ၏ ကုန်ကျစရိတ်ဖြင့် ပြန်လည်စိုက်ပျိုးပေးပြီး၊ မပြီး၊ သစ်တောဦးစီးဌာနက လိုအပ်သည်ဟု သတ်မှတ်သော သစ်တောနယ်မြေအတွင်း သဘာဝ သစ်တော ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပြီး၊ မပြီးနှင့် သစ်တောထွက်ပစ္စည်း ထုတ်ယူခြင်းကြောင့် သဘာဝ**

**ပတ်ဝန်းကျင် ပျက်စီးမှုများအတွက် သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးပြီး၊ မပြီး သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

( ဂ ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **ပုဂ္ဂလိက ကုမ္ပဏီများကို သစ်ခုတ်ခွင့်၊ သစ်ထုတ်လုပ်ခွင့် ရပ်ဆိုင်းရန်နှင့် တရားမဝင် သစ်ခိုးထုတ်နေခြင်းကို ထိရောက်စွာ အရေးယူရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၏ **ပေါက်အင်းတောင်ကြိုးဝိုင်းနှင့် ကြိုးပြင်တောများရှိ မူလရောက်ရှိလုပ်ကိုင်နေထိုင်ကြသော တောင်သူများ၏ မြေယာများ ဌာနေဆိုင်ရာ ကုမ္ပဏီများမှ သိမ်းယူ၍ ကြက်ဆူစိုက်ပျိုးပြီး နှစ် (၃၀)ဂရန် လျှောက်ထား ရရှိမှုမှာ နည်းလမ်းကျ မကျ၊ ဂရန်ပါ စည်းကမ်းများအား လိုက်နာမှု ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

( င ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **တောင်ကုတ်မြို့နယ်၊ သချီကိုင်းကျေးရွာအုပ်စု၊ နေပူတောင်ဒေသ၊ ကွင်းအမှတ် ၅၂၊ ကြေးတိုင်ပြင်ကွင်း တောရိုင်းမြေ (၅၈၅.၇၂)ဧကရှိ မြေနေရာကို မာဘယ်(လ်) အလှဆင်ကျောက် (အကြီးစား) တူးဖော်ထုတ်လုပ်ခြင်း စီမံကိန်းအတွက် သတ္တုတွင်းဝန်ကြီးဌာနနှင့် ဗီယက်နမ်နိုင်ငံ Simco Song Da Joint- Stoke Co.Ltd တို့ စာချုပ် ချုပ်ဆိုခဲ့ကြသော စာချုပ်ပါ သဘောတူညီချက်များအား ပြည်သူများ သိရှိစေရန် ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၏ **မြောက်ဦးမြို့တွင် ကွန်ကရစ်လမ်းများ ခင်းခွင့်ရှိ၊ မရှိ ရှေးဟောင်းသုတေသနဆိုင်ရာ မူဝါဒများကို ပြည်သူများ သိခွင့်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၏ **ပန်းတောင်းမြို့နယ်၊ ရွာသာယာအုပ်စု၊ ဘုရားကုန်းတောင်တွင် ဒီပါအေး ဆုတောင်းပြည့်**

**စေတီတော်၊ ဗောဓိတစ်ထောင်နှင့် သာသနိက အဆောက်အဦများရှိရာ မြေနေရာများအား သာသနာ့မြေအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **ကျောက်တန်းမြို့နယ် အတွင်းရှိ ရှေးဟောင်းသာသနာ့ အဆောက်အအုံများနှင့် မြန်မာနိုင်ငံ တစ်ဝန်းရှိ ရှေးဟောင်းဘုရားများကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနက စီမံစောင့်ရှောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်း မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင်ပတ်သက်သူများ အားလုံးသည် E-Government Website များနှင့် Mobile Application များမှ တစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရေးအတွက် E-Government စနစ်များ ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးနိုင်ထူးအောင်၊ နွားထိုးကြီး မဲဆန္ဒနယ်၊

(ခ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၊

(ဂ) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၊

(ဃ) ဦးအောင်သိန်း၊ ဗန်းမော် မဲဆန္ဒနယ်၊

(င) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၊

(စ) ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံ မဲဆန္ဒနယ်၊

(ဆ) ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်၊

(ဇ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ဈ) ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့်၊ အမရပူရ မဲဆန္ဒနယ်၊

(ည) ဦးအောင်နိုင်(ခ) ဦးနိုင်ငံကျော်၊ မိုးကုတ် မဲဆန္ဒနယ်၊

(ဋ) ဒေါက်တာဦးဝေဖြိုးအောင်၊ သာကေတ မဲဆန္ဒနယ်၊

(ဌ) ဦးနေစိုးအောင်၊ ဝန်းသို မဲဆန္ဒနယ်၊

(ဍ) ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်း မဲဆန္ဒနယ်၊

(ဎ) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၊

(ဏ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

(တ) ဦးယန်ကျင်းကန်၊ ကွမ်းလုံ မဲဆန္ဒနယ်၊

(ထ) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၊

(ဒ) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၊

(ဓ) ဦးသန်းစိုးအောင်၊ ပျဉ်းမနား မဲဆန္ဒနယ်၊

(န) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၊

(ပ) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၊

(ဖ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၊

(ဗ) ဦးစစ်နိုင်၊ မင်းပြား မဲဆန္ဒနယ်၊

(ဘ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၊

(မ) ဒေါက်တာဦးခင်မောင်မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်၊

(ယ) ဦးမြင့်လွင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၊ **(ခွင့်)**

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။